ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ညွှန်ကြားချက်အမှတ်- ...၄.../၂၀၁၇

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်

အကြောင်းအရာ။ **ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့ခြင်းမပြုမီ စက်ရုံများတွင် ကြိုတင်စိစစ်ခြင်း (Pre-export Verification - PEV) ဆောင်ရွက်ရန်ကိစ္စ**

၁။ ငါးလုပ်ငန်းဦးစီးဌာနသည် ငါး၊ပုစွန်ပြုပြင်စက်ရုံများမှ ထုတ်လုပ်သော ရေထွက်ပစ္စည်းများ၏အရည်အသွေးနှင့်ဘေးဥပဒ်ကင်းရှင်းရေးကို အာမခံချက်ပေးနိုင်ရန် ကြီးကြပ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် စက်ရုံများသို့ ကွင်းဆင်းစစ်ဆေးခြင်း (Monitoring, Control and Surveillance) များကို ငါးလုပ်ငန်းဦးစီးဌာန၊ အရည်အသွေးထိန်းသိမ်းရေးနှင့်သုတေသနဌာနခွဲ လက်စွဲလမ်းညွှန် (Official Control Manual)နှင့်အညီ ပုံမှန်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်ပတင်ပို့သော ရေထွက်ပစ္စည်းများကို ပြုပြင်ထုတ်လုပ်ရာတွင် ထုတ်လုပ်မှု လုပ်ငန်းစဉ်တလျှောက် အစားအသောက်ဘေးဥပဒ်ကင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များဖြစ်သော GMP, HACCP စနစ်နှင့်အညီ ထုတ်လုပ်ထားကြောင်းနှင့် စားသုံးသူတို့ဘေးဥပဒ်ကင်းကြောင်း အာမခံချက်ပေးနိုင်ရန်နှင့် အကြောင်းတစုံတရာဖြစ်ပေါ်ပါက နောက်ကြောင်းပြန်စိစစ်နိုင်ရန်အတွက် ရေထွက်ပစ္စည်း ပြည်ပတင်ပို့ခြင်းမပြုမီ စက်ရုံများသို့ သွားရောက်ကြိုတင်စစ်ဆေးခြင်း (Pre-export Verification-PEV)ကို ဆောင်ရွက်ရန် Official Control Manual တွင် အတည်ပြုပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၃။ ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်ပသို့တင်ပို့နေသည့် ရေထွက်ပစ္စည်းများ တရားမဝင် တင်ပို့ခြင်းမဖြစ်စေရန်၊ နိုင်ငံတော်ဝင်ငွေရရှိစေရန်နှင့် ပြည်ပတင်ပို့မှု တန်ချိန်တန်ဘိုး အချက်အလက်များရရှိရေးအတွက် ရည်ရွယ်၍ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် စက်ရုံများအားလုံးသည် ပြည်ပသို့ မတင်ပို့မီ ငါးလုပ်ငန်းဦးစီးဌာနမှ စစ်ဆေးရေးမှူးများ၏ PEV ဆောင်ရွက်ခြင်းကို ခံယူရမည်ဖြစ်သည်။

၄။ PEV ကို (၁.၆.၂၀၁၇)ရက်နေ့မှစ၍ ဆောင်ရွက်မည်ဖြစ်ပြီး၊ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် စက်ရုံများအနေဖြင့် တင်ပို့လိုသည့် ရေထွက်ပစ္စည်းများအား ခါတ်ခွဲစမ်းသပ် စစ်ဆေးချက်နှင့်အထောက်အထားများပါဝင်သော ပြည့်စုံသည့်စာတွဲအား ပြည်ပသို့ မတင်ပို့မီ (၁)ပတ်ကြိုတင်၍ တင်ပြရန်ဖြစ်သည်။ ကနဦးအနေဖြင့် ပထမအကြိမ်မှ ပဉ္စမအကြိမ်အထိ ပြည်ပ တင်ပို့သည့် Container တိုင်း PEV ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ စစ်ဆေးမှုအရ မှန်ကန်စွာဆောင်ရွက်မှုတွေ့ရှိရပါက နောက်ပိုင်းအကြိမ်များတွင် (၅)ကြိမ်တွင် (၁)ကြိမ် စစ်ဆေးသွားမည်ဖြစ်သည်။ စစ်ဆေးရေးမှူးများ၏ စစ်ဆေးမှုအရ လိုက်နာမှုမရှိခြင်း၊ ပြည်ပမှ ငြင်းပယ်ခံရခြင်းရှိပါက နောက်တစ်ကြိမ် ပြည်ပတင်ပို့မည့် အကြိမ်တိုင်းအား ယုံကြည်မှုရှိသည်အထိ PEV စစ်ဆေးသွားမည်ဖြစ်ပါသည်။

၅။ ဤညွှန်ကြားချက်အား လိုက်နာရန်ပျက်ကွက်ပါကတည်ဆဲငါးလုပ်ငန်းဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအကြောင်းကြားပါသည်။

ခင်မောင်မော်
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

**ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့်စက်ရုံများအားလုံး**

.......................................

စာအမှတ်၊ငလ/နပတ-၅/၂၀၁၇( ၃၁၇၃ )
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်

မိတ္တူကို -

- ဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
- ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ ငါးလုပ်ငန်းဦးစီးဌာန
- ညွှန်ကြားရေးမှူး၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ
- ( )တိုင်းဒေသကြီး/ပြည်နယ်၊ ငါးလုပ်ငန်းဦးစီးဌာန
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်း
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်း
- ရုံးလက်ခံ
- မျှော